

ငါ့မှာ
သတိုးစနစ်ရှိတယ်
(ရှန်းယွီ)
(စာစဉ်-၄၅)
Translator - Sunlight Team

ငါ့မှာ ဆတိုးစနစ်ရှိတယ်
(စာစဉ်-၄၅)
အခန်း။ ၄၄၉
*

နာရီအနည်းငယ်မျှ ကြာမြင့်ပြီးနောက် ရှန်းယွီ၏ ကျင့်စဉ်အဆင့်တက်လှမ်းမှုဖြစ်စဉ်မှာ နောက်ဆုံးတွင် ငြိမ်သက်သွားခဲ့သည်။ သူ၏ ကြယ်တာရာခန္ဓာမှာ အဆင့် (၉) သို့ အောင်မြင်စွာ ရောက်ရှိသွားပြီဖြစ်ရာ ခန္ဓာကိုယ်အတွင်းရှိ စွမ်းအင်ပြုပြင်မွမ်းမံမှုများနှင့် တုံ့ပြန်မှုဗဟိုချက်များ၏ စွမ်းဆောင်ရည်မှာ အထွတ်အထိပ်သို့

ရောက်ရှိသွားတော့သည်။

ရှန်းယွီသည် သူ၏ အကြွင်းမဲ့ အရင်းအမြစ် နိယာမကို ကြည့်ရင်း ကျေနပ်စွာ ပြုံးလိုက်မိသည်။ နောက်ဆုံးတော့ အဆင့်တက်လှမ်းရန် အချိန်ကျရောက်လာပြီ ဖြစ်သည်။ မသေမျိုး နယ်ပယ်သို့ပင် ခြေမချရသေးဘဲ ဘုရားသခင် အဆင့်သို့ တိုက်ရိုက်ရောက်ရှိသွားသည့် နတ်ဘုရားတစ်ပါး လောကတွင် ရှိဖူးပါ့မလားဟု သူ တွေးတောနေမိသည်။ သူသည် မသေမျိုးအဆင့် နှင့် နတ်ဘုရားဘုံအဆင့်အားလုံးကို ကျော်ဖြတ်ကာ နတ်ဘုရားနယ်ပယ်ထဲသို့ တိုက်ရိုက် ထိုးဖောက်ဝင်ရောက်သွားခဲ့ခြင်းပင်။

လွန်ခဲ့သော နှစ်လခွဲခန့်က ဓားကို စတင်ကိုင်စွဲခဲ့စဉ်က ဤကဲ့သို့သော နေ့မျိုး ရောက်လာ

လိမ့်မည်ဟု သူ အိပ်မက်ပင် မမက်ခဲ့ဖူးပေ။

သူသည် အကြွင်းမဲ့ အရင်းအမြစ် နိယာမကို ချက်ချင်းနှိုးဆော်လိုက်ပြီး နိယာမပေါင်း သုံးထောင်လုံးကို ပြန်လည်ဖန်တီးတော့သည်။ စွမ်းအင်မြှင့်တင်မှုများ ရရှိထားသော်လည်း နိယာမပေါင်း သုံးထောင်လုံးကို ထင်ရှားခြင်း နယ်ပယ်သို့ မြှင့်တင်ရခြင်းမှာ အလွန်ပင် ပင်ပန်းနွမ်းနယ်လှသော အလုပ်ဖြစ်၏။ သို့သော် တစ်နာရီခန့်အကြာတွင် နိယာမအားလုံးမှာ ထင်ရှားခြင်းနယ်ပယ်သို့ ရောက်ရှိကာ တည်ငြိမ်သွားခဲ့သည်။

ယခုအခါ သူသည် ကမ္ဘာလောကကြီး၏ အထက်တွင် ရှိနေပြီး မည်သည့်အရာကိုမဆို ဖန်တီးဖျက်ဆီးနိုင်သည်ဟု ခံစားလိုက်ရသည်။

"ဒါဟာ ဘုရားသခင်တစ်ပါးရဲ့ အာရုံမျိုးလား"

သူ တွေးနေမိသော်လည်း တစ်စုံတစ်ခု လိုအပ်နေသေးသည်ဟု ခံစားရဆဲပင်။

"မှန်သားပဲ... နယ်ပယ်တစ်ခု လိုနေတာ"

သူ၏ စစ်မှန်သော ကမ္ဘာကို အာရုံစိုက်ရင်း သူ တွေးလိုက်သည်။ ၎င်းမှာ ပြီးပြည့်စုံရန် ခြေတစ်လှမ်းသာ လိုတော့ပုံပင်။

"ဒီလောက်ဆို လုံလောက်ပါပြီ"

သူသည် ကောင်းကင်ဘုံတာအို နိယာမကို အသုံးပြုကာ စစ်မှန်သော ကမ္ဘာအပေါ် သူ၏ ထိန်းချုပ်မှုကို လျှော့ချလိုက်သည်။ ထို့နောက် ထိုကမ္ဘာမှ ပထမဆုံးသော ပြီးပြည့်စုံသော သက်ရှိတာအိုကို သူ့ကိုယ်သူ အပ်နှင်းလိုက်သည်။ သူ၏ ခန္ဓာကိုယ်မှာ ဤနေရာတွင် မရှိ

သဖြင့် ၎င်းကို သူ၏ ဝိညာဉ်ထံသို့သာ ပေးအပ်လိုက်သော်လည်း ဤသည်မှာ ပြဿနာမဟုတ်ပေ။

တာအိုကို လက်ခံရရှိပြီးသည်နှင့် သူ၏ စွမ်းအင်များမှာ တစ်ဖန် ပြန်လည်ဆူပွက်လာပြီး စက္ကန့်ပိုင်းအတွင်းမှာပင် မဟာယာနနယ်ပယ်သို့ ချိုးဖျက်ဝင်ရောက်သွားခဲ့သည်။ ထို့နောက် ဒုတိယအဆင့်၊ တတိယအဆင့် မှသည် အထွတ်အထိပ်အထိ အရှိန်အဟုန်ဖြင့် တက်လှမ်းသွား၏။ သို့သော် ဤသည်မှာ အစသာ ရှိသေးသည်။

နောက်တစ်ခုမှာ မသေမျိုးနယ်ပယ်များဖြစ်သည်။

မြေကမ္ဘာမသေမျိုး၊ ကောင်းကင်မသေမျိုး၊ စစ်

မှန်သော မသေမျိုး၊ ရွှေရောင်မသေမျိုးနှင့် မသေမျိုးဇေကရာဇ် အဆင့်များကို တစ်ခုပြီးတစ်ခု ဖြတ်ကျော်သွားသည်။ ထို့နောက် နတ်ဘုရားဘုံနယ်ပယ်များသို့ ရောက်ရှိလာပြန်သည်။

သူသည် နယ်ပယ်များကို ကျော်ဖြတ်လာသည်နှင့်အမျှ စွမ်းအင်ဆိုင်ရာ ပြုပြင်မွမ်းမံမှုများစွာ ရရှိခဲ့ပြီး သူ၏ စွမ်းအင်များမှာ အဆုံးမရှိသန့်စင်လာခဲ့သည်။ လက်ရှိတွင် သူ၏ ချီစွမ်းအင်မှာ နတ်ဘုရားအဆင့်အထိ သန့်စင်ပြီးသား ဖြစ်နေသည်။

နတ်ဘုရားအရှင်သခင်၊ နတ်ဘုရားဘုရင်၊ နတ်ဘုရားဇေကရာဇ်၊ အမြင့်မြတ်ဆုံး နတ်ဘုရားထို့နောက်တွင်တော့ ဘုရားသခင်အဆင့်ထိုအချိန်မှသာ အဆင့်တက်ခြင်းများမှာ နောက်ဆုံး

တွင် ရပ်တန့်သွားတော့သည်။

ရှန်းယွီသည် သူ၏ ခန္ဓာကိုယ်အတွင်းရှိ စွမ်းအင်များကို ကြည့်လိုက်သည်။ နယ်ပယ်များကို ချိုးဖျက်လာစဉ် ရရှိခဲ့သော အဆုံးမရှိ သန့်စင်မှုများသည် သူ၏ ကြယ်တာရာစု တုံ့ပြန်မှုစင်တာများနှင့် ပေါင်းစပ်သွားရာ သူ၏ ချီစွမ်းအင်မှာ မဖြစ်နိုင်ဟု ထင်ရသော အဆင့်တစ်ခုသို့ ရောက်ရှိသွားခဲ့သည်။ သူသည် လက်ဖဝါးပေါ်တွင် ထိုစွမ်းအင်ကို ဆင့်ခေါ်လိုက်သည်။

"ပညာရှိချီစွမ်းအင်"

ရှန်းယွီနှင့် အဆင့်တက်မှုများကို အာရုံခံမိ၍ ထွက်လာသော ဧကရီတို့က တစ်ပြိုင်နက်တည်း ပြောလိုက်ကြသည်။

"မင်း ဒါကို သိတာလား။ မင်းက ပညာရှိ

နယ်ပယ်ကို မယုံဘူးလို့ ငါ ထင်နေတာ"

ရှန်းယွီက အံ့အားသင့်စွာ မေးလိုက်သည်။

"အတိအကျတော့ မဟုတ်ပါဘူး"

ဇကေရီက ဘေးသို့ မျက်နှာလွှဲရင်း ပြောလိုက်သည်။

သူမသည် စီနီယာအမက သူမကို မည်သို့ အလွယ်တကူ ဖိနှိပ်ခဲ့သည်ကို ပြန်လည်သတိရနေမိသည်။ မနေ့က ရှန်းယွီ၏ ယူဆချက်ကို ကြားပြီးနောက် ထိုစီနီယာအမမှာ ပညာရှိတစ်ဦးဖြစ်ပြီး အကျိုးအကြောင်းပညာရှိ၏ ကိုယ်ပွားဖြစ်နိုင်ကြောင်း သူမ ၉၀ ရာခိုင်နှုန်းခန့် သေချာနေပြီ ဖြစ်သည်။ ယခင်က တိုက်ခိုက်ကြစဉ်အခါက သူမကို ဖိနှိပ်ရန် ထိုစီနီယာအမသည် ဉာဏ်ဆန်းကြယ်သော ချီကို အသုံးပြုခဲ့သည်။ ယခု

ပညာရှိနယ်ပယ်မှာ အမှန်တကယ် တည်ရှိကြောင်း သူမ သိသွားပြီဖြစ်ရာ ဤသည်မှာ ပညာရှိချီစွမ်းအင်ဖြစ်ရမည်ဟု သူမ ကောက်ချက်ချလိုက်ခြင်းပင်။

...

ရှန်းယွီသည် သူ၏လက်ဝါးထက်တွင် လှုပ်ရှားနေသော ဆန်းကြယ်လှသည့် ပညာရှိ ချီစွမ်းအင်ကို စိုက်ကြည့်နေမိသည်။

ဤစွမ်းအားသစ်၏ အသုံးဝင်ပုံနှင့် တိုက်ပွဲစွမ်းရည်ကို စမ်းသပ်ရန် သူသည် ပုံရိပ်ယောင်နယ်ပယ်အတွင်းသို့ ချက်ချင်းဝင်ရောက်လိုက်သည်။ နောင်တစ်ချိန်တွင် သူ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ အဆင့်မြင့်မားလာပါက ကြုံတွေ့ရနိုင်သည့် စွမ်းအင်

လိုအပ်ချက်ပြဿနာကို ဤပညာရှိစွမ်းအင်က အောင်မြင်စွာ ဖြေရှင်းပေးနိုင်လိမ့်မည်ဟု သူ ယုံကြည်လိုက်သည်။

စမ်းသပ်မှုအတွက် ရန်သူအဖြစ် သူသည် ပညာရှိအဆင့်ကိုသာ ရွေးချယ်လိုက်၏။

ရှုန်းယွီသည် သူ့တွင်ရှိသမျှ စွမ်းအားအားလုံးကို အစွမ်းကုန်ထုတ်ဖော်ကာ တိုက်ခိုက်သည်။ ပညာရှိ ချီကို အသုံးပြု၍ သူ၏ ပြီးပြည့်စုံသော အကြွင်းမဲ့ အရင်းအမြစ် နိယာမကို လက်ရှိ နယ်ပယ်ထက် များစွာသာလွန်သော စွမ်းအား အဆင့်သို့ တွန်းပို့လိုက်သည်။ ဤထူးခြားသော အခြေအနေကို သူက တစ်ဝက်တစ်ပျက် ကျော် လွန်ခြင်းဟု အမည်ပေးလိုက်သော်လည်း လက်တွေ့တွင်မူ နိယာမတစ်ခုသည် ထင်ရှား

ခြင်းနယ်ပယ်၏ အထွတ်အထိပ်သို့ ရောက်ရှိပြီး နောက် ရှေ့ဆက်ရန် လမ်းစမရှိတော့သည်ကို သူ သတိပြုမိသည်။ ကျော်လွှန်နိုင်လျှင် ကျော်လွှန် မည်၊ မကျော်လွှန်နိုင်လျှင် ရပ်တန့်နေမည်သာ ဖြစ်သဖြင့် တစ်ဝက်တစ်ပျက်ဆိုသည်မှာ မရှိနိုင် သော်လည်း ရှန်းယွီအတွက်မူ ထိုအသေးစိတ် အချက်များမှာ အရေးမကြီးလှပေ။

အသက်ရှူကြိမ် အနည်းငယ်အကြာတွင် ရှန်း ယွီ အရေးနိမ့်သွားခဲ့သည်။ သူ၏ရန်သူမှာ ပထမ တာအိုပညာရှိဖြစ်ပြီး စစ်နတ်ဘုရားနယ်ပယ်ကို အသုံးပြုထားသူ ဖြစ်သည်။ လျင်မြန်စွာ ရှုံးနိမ့်ခဲ့ သော်လည်း ရှန်းယွီ၏မျက်နှာတွင် စိတ် လှုပ်ရှားမှုများ ပြည့်နေ၏။ ဤသည်မှာ သူ့တွင် ပညာရှိကို ယှဉ်ပြိုင်နိုင်စွမ်းရှိနေပြီဟု

သက်သေပြနေခြင်းပင်။

လက်ရှိတွင် သူ၏ တိုက်ခိုက်ရေးစွမ်းရည်မှာ တစ်ဝက်တစ်ပျက် ပညာရှိအဆင့်သို့ ရောက်ရှိနေပြီဟု သူ ကိုယ်တိုင် သတ်မှတ်လိုက်သည်။ အကယ်၍ သူ၏ စစ်ပညာများကို စစ်နတ်ဘုရားနယ်ပယ်သို့ ရောက်အောင် မြှင့်တင်နိုင်ပါက ပထမတာအိုပညာရှိတစ်ဦးနှင့် ရင်ဘောင်တန်းနိုင်ပေလိမ့်မည်။ ခရီးလမ်းမှာ ဝေးကွာနေသေးသော်လည်း သူသည် လမ်းမှန်ပေါ်သို့ စတင်ခြေချနိုင်ခဲ့ပြီ ဖြစ်သည်။

ပြင်ပကမ္ဘာတွင် ရှန်းယွီ မျက်လုံးများကို ဖြည်းဖြည်းချင်း ဖွင့်လိုက်သည်။ သူ၏ ထူးခြားသော မျိုးစိတ်အရ မျက်လုံးအစစ်အမှန်ရှိနေခြင်းမဟုတ်သော်လည်း နတ်ဘုရားအာရုံ

ပင် အသုံးမပြုဘဲ အရပ်မျက်နှာအားလုံးကို တစ်ပြိုင်နက် သိမြင်နိုင်စွမ်း ရှိနေသည်။ ယခု အခါ ထိုအမြင်အာရုံမှာ တစ်ကမ္ဘာလုံး အတိုင်းအတာအထိ ကျယ်ပြန့်သွားပြီး လောက ရှိ အရာအားလုံးကို အလိုလို သိမြင်နေ တော့သည်။

သူသည် လူသားပုံစံသို့ ပြောင်းလဲကာ ဝိညာဉ် ကြောအသစ်များရှိရာသို့ လျှောက်လှမ်းသွားခဲ့ သည်။ ထိုနေရာတွင် မသေမျိုးအဆင့်သို့ ရောက် ရှိနေသည့် ဝိညာဉ်ကြောငါးခုရှိပြီး ဂိုဏ်း၏ စွမ်းအင်လိုအပ်ချက်များအတွက် အဆင်သင့် ချိတ်ဆက်ထားပြီး ဖြစ်သည်။ ထိုနေရာသို့ ရောက်သောအခါ လီယောင်း၏ ရှေ့တွင် နတ်သမီးလေးများကဲ့သို့ ပျံဝဲနေသည့် သေး

ငယ်သော သက်ရှိငါးကောင်ကို တွေ့လိုက်ရသည်။ ၎င်းတို့မှာ ဝိညာဉ်ကြောများမှ ပေါက်ဖွားလာသော ဝိညာဉ်လေးများ ဖြစ်ကြသည်။

"မင်းတို့ ဘာလုပ်နေကြတာလဲ"

ရှန်းယွီက မေးလိုက်သည်။

ဝိညာဉ်လေးများမှာ ရှန်းယွီကို မြင်သည်နှင့် လျင်မြန်စွာ ဦးညွှတ်နှုတ်ဆက်ကြကာ "သခင်ကြီးကို ဂါရဝပြုပါတယ်" ဟု တစ်ပြိုင်နက်တည်း ဆိုကြသည်။

"ဘာမှမဟုတ်ပါဘူး။ သူတို့ကို ကျွန်မရဲ့ ယောကျ်ားအပေါ် ဘာမကောင်းတဲ့အကြံမှ မရှိဖို့ သတိပေးနေတာပါ"

လီယောင်းက ပြောလိုက်သည်။

"သူတို့က စီနီယာအစ်ကိုအတွက် အရမ်း

အသုံးဝင်တာလေ။ အကြောင်းပြချက် မရှိဘဲနဲ့ ကိုယ့်

ကိုယ်ကိုယ် သတ်သေသွားကြရင် နှမြောစရာ ကြီး ဖြစ်မှာပေါ့"

ထိုသို့ပြောကာ သူမ၏ လက်ကလေးများကို ပြ ရင်း အရေးမစိုက်သလို ပြောလိုက်သည်။

မင်းက သူတို့ကို သတ်ပစ်မှာကို ပြောတာနေမှာ ပါ

ရှန်းယွီ တွေးလိုက်သော်လည်း ထုတ်မပြောခဲ့ ပေ။

ရှင် ကျွန်မတို့ကို သတ်မှာကို ပြောတာပါ

ဝိညာဉ်လေးများကလည်း

ကြောက်လန့်တကြား တွေးလိုက်မိကြ သော်လည်း ငြိမ်သက်နေကြသည်။

"တခြားသူတွေကို အနိုင်ကျင့်တာ ရပ်လိုက်တော့။ မင်းရဲ့ စစ်ပညာနယ်ပယ် နိုးထလာအောင် ငါ ကူညီပေးမယ်"

ရှန်းယွီက ပြောလိုက်သည်။

ထိုစကားကို ကြားသောအခါ လီယောင်းမှာ ချက်ချင်းပင် တက်ကြွသွားပြီး "ယောကျ်ားက ကျွန်မကို အနိုင်ကျင့်ပေးမလို့လား" ဟု စိတ်လှုပ်ရှားစွာ မေးလိုက်ပြန်သည်။

ရှန်းယွီ ပြုံးလိုက်ရင်း "ဟုတ်တယ်။ မင်းရဲ့ စစ်ပညာတာအိုကို တစ်ရက်တည်းနဲ့ နိုးထလာအောင် ငါ လုပ်ပေးမယ်..." ဟု အာမခံချက်ပေးလိုက်တော့သည်။

***